ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

**အမိန့်ကြော်ငြာစာ**

အမှတ်၊ ၆၈ /၂၀၁၉

၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ် လ ၂၀ ရက်)

# အကောက်ခွန်ကုန်လှောင်ရုံ(Customs Warehouse) ဆိုင်ရာလုပ်ထုံးလုပ်နည်းများ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပင်လယ်ရေကြောင်း အကောက်ခွန် အက်ဥပဒေ ပုဒ်မ၂၀၄၊ ပုဒ်မခွဲ(ခ) အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ အောက်ပါ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

## အခန်း(၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤလုပ်ထုံးလုပ်နည်းများကို အကောက်ခွန်ကုန်လှောင်ရုံဆိုင်ရာ လုပ်ထုံးလုပ်နည်းများဟု ခေါ်တွင်စေရမည်။

၂။ ဤလုပ်ထုံးလုပ်နည်းတွင်ပါရှိသောစကားရပ်များသည် ပင်လယ်ရေကြောင်းအကောက်ခွန် အက်ဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ထို့အပြင်အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) ပြည်ထောင်စုဝန်ကြီးဆိုသည်မှာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ပြည်ထောင်စု ဝန်ကြီးကိုဆိုသည်။

(ခ) ညွှန်ကြားရေးမှူးချုပ် ဆိုသည်မှာ အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ဂ) အကောက်ခွန်ကုန်လှောင်ရုံလုပ်ငန်း ဆိုသည်မှာ တင်သွင်း သို့မဟုတ် တင်ပို့မည့် ကုန်ပစ္စည်းများကို ကျသင့်အခွန်များပေးဆောင်ခြင်းမပြုမီ အကောက်ခွန်အရာရှိ၏ ကြီးကြပ်မှုဖြင့်အကောက်ခွန်ကုန်လှောင်ရုံအတွင်းသို့သိုလှောင်ထားရန်ဆောင်ရွက် သည့် လုပ်ငန်းကိုဆိုသည်။

(ဃ) **အထူးအကောက်ခွန်ကုန်လှောင်ရုံ** ဆိုသည်မှာ အန္တရာယ်ဖြစ်စေနိုင်သောကုန်ပစ္စည်းများဖြစ်သည့် စက်သုံးဆီ၊ ဓါတုပစ္စည်းများနှင့် ရေဒီယိုသတ္တိကြွပစ္စည်းများကဲ့သို့သောပြည်ပမှတင်သွင်းလာသည့်ကုန်ပစ္စည်းများအား ကျသင့်အခွန်များပေးဆောင်ခြင်းမပြုမီ အကောက်ခွန်အရာရှိ၏ ကြီးကြပ်မှုဖြင့် ထားသိုရာတွင် အခြားသောကုန်ပစ္စည်းများကို ထိခိုက်မှုမရှိစေရန် သီးသန့်စီမံပြုလုပ်ထားနိုင်သည့် နေရာကို ဆိုသည်။

(င) **ပြပွဲများအတွက် အကောက်ခွန်ကုန်လှောင်ရုံ သို့မဟုတ် အကောက်ခွန်ကုန်လှောင်ရုံနယ်မြေ**ဆိုသည်မှာ ကုန်စည်ပြပွဲများတွင်ပြသမည့်ကုန်ပစ္စည်းများနှင့် တင်သွင်း/တင်ပို့မည့် ကုန်ပစ္စည်းများကို ပြည်ပမှတင်သွင်းလာပြီး ကျသင့်အခွန်များ ပေးဆောင်ခြင်းမပြုမီ အကောက်ခွန်အရာရှိ၏ ကြီးကြပ်မှုဖြင့် ယာယီသိုလှောင်ထားနိုင်သည့် နေရာကို ဆိုသည်။

(စ) **အကောက်ခွန်ကုန်လှောင်ရုံမှူး** ဆိုသည်မှာ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေအရ ပေးအပ်ထားသော ကုန်လှောင်ရုံဆိုင်ရာ ကိစ္စအဝဝကိုတာဝန်ယူဆောင်ရွက်သူကို ဆိုသည်။

## အခန်း(၂)

## အကောက်ခွန်ကုန်လှောင်ရုံအမျိုးအစားများနှင့်လုပ်ငန်းတာဝန်များ

၃။ ညွှန်ကြားရေးမှူးချုပ်က လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် သတ်မှတ်ခြင်း ပြုနိုင်သည့် အကောက်ခွန်ကုန်လှောင်ရုံအမျိုးအစားများမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) အများနှင့်ဆိုင်သောအကောက်ခွန်ကုန်လှောင်ရုံ

(ခ) ပုဂ္ဂလိကအကောက်ခွန်ကုန်လှောင်ရုံ

(ဂ) ကုန်ထုတ်လုပ်သည့်အကောက်ခွန်ကုန်လှောင်ရုံ

(ဃ) အထူးအကောက်ခွန်ကုန်လှောင်ရုံ

(င) ပြပွဲများအတွက် အကောက်ခွန်ကုန်လှောင်ရုံ သို့မဟုတ် အကောက်ခွန်ကုန်လှောင်ရုံနယ်မြေ

၄။ ညွှန်ကြားရေးမှူးချုပ်သည် အများနှင့်ဆိုင်သော အကောက်ခွန်ကုန်လှောင်ရုံအတွင်း လုပ်ငန်းလိုအပ်ချက်အရ ပုဂ္ဂလိက အကောက်ခွန် ကုန်လှောင်ရုံများအဖြစ် ခွဲခြားသတ်မှတ်၍ လိုင်စင်ထုတ်ပေးနိုင်သည်။

၅။ ကုန်လှောင်ရုံအတွင်းတွင် ပြည်ပမှတင်သွင်းသည့် ကုန်ပစ္စည်းများအား ပုံမှန်စည်းကြပ် ရှင်းလင်းမှုလုပ်ငန်းမဆောင်ရွက်မီ ကုန်ပစ္စည်းပိုင်ရှင်သည် အောက်ပါ ကုန်လှောင်ရုံ လုပ်ငန်းများ ကို အကောက်ခွန်အရာရှိ၏ကြီးကြပ်မှုဖြင့် ပင်လယ်ရေကြောင်းအကောက်ခွန် အက်ဥပဒေနှင့် အညီ ဆောင်ရွက်နိုင်သည်-

(က) ပြည်ပသို့ ပြန်လည်တင်ပို့မည့် ပစ္စည်းများကို မတင်ပို့မီ ကုန်လှောင်ရုံအတွင်းသို့ ထည့်သွင်းခြင်း၊ ကုန်လှောင်ရုံအတွင်းမှ ထုတ်ယူခြင်း

(ခ) လေယာဉ်၊ ရေယာဉ်စသည့် ပို့ဆောင်ရေးယာဉ်များအပေါ် သယ်ဆောင်မည့် စားနပ်ရိက္ခာ၊ အသုံးအဆောင်ပစ္စည်းများနှင့်ယာဉ်အပိုပစ္စည်းများကိုကုန်လှောင်ရုံအတွင်း သို့ ထည့်သွင်းခြင်း၊ ကုန်လှောင်ရုံအတွင်းမှ ထုတ်ယူခြင်း

(ဂ) ကုန်လှောင်ရုံတစ်ခုမှ တစ်ခုသို့ ကုန်ပစ္စည်းရွှေ့ပြောင်းခြင်း

(ဃ) ကုန်လှောင်ရုံအတွင်း ကုန်ပစ္စည်းများထိန်းသိမ်းခြင်း

၆။ အကောက်ခွန်ကုန်လှောင်ရုံအတွင်းရှိ ကုန်ပစ္စည်းများ ထည့်သွင်းခြင်း၊ ထုတ်ယူခြင်း၊ ပျက်စီးဆုံးရှုံးခြင်းများကို အကောက်ခွန်ကုန်လှောင်ရုံလိုင်စင်ရရှိထားသူမှ အလုံးစုံတာဝန်ယူရ မည်ဖြစ်သည်။

၇။ အကောက်ခွန် ကုန်လှောင်ရုံအတွင်း ကုန်ပစ္စည်းများ ထည့်သွင်းခြင်း၊ အကောက်ခွန် ကုန်လှောင်ရုံမှ ကုန်ပစ္စည်းများထုတ်ယူခြင်း၊ အကောက်ခွန်ကုန်လှောင်ရုံအတွင်း ကုန်ပစ္စည်းများ ထားသိုခြင်း တို့တွင် ကုန်လှောင်ရုံမှူးသည် ပင်လယ်ရေကြောင်းအကောက်ခွန် အက်ဥပဒေပုဒ်မ ၁၂၃ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း စနစ်တကျလိုက်နာဆောင်ရွက်ရန်၊ ကုန်လှောင်ရုံစီမံခန့်ခွဲမှု စနစ် (Warehouse Management System) ဖြင့် ကျွမ်းကျင်စွာစီမံခန့်ခွဲနိုင်ရန်နှင့် မြန်မာ အလိုအလျောက်ကုန်စည် ရှင်းလင်းရေးစနစ် (Myanmar Automated Cargo Clearance System- MACCS) ဖြင့် အကောက်ခွန်ကုန်လှောင်ရုံဆိုင်ရာလုပ်ငန်းစဉ်များကို ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်ရန်တာဝန်ရှိသည်။

၈။ အကောက်ခွန်ကုန်လှောင်ရုံအတွင်းမှကုန်ပစ္စည်းများကိုပြည်တွင်းစားသုံးရန်ထုတ်ယူပါက ကျသင့်ခွန်အရပ်ရပ်ကို ကုန်ပစ္စည်းပိုင်ရှင်မှ ပေးဆောင်ရမည်။

၉။ ကုန်ထုတ်လုပ်သည့် အကောက်ခွန်ကုန်လှောင်ရုံတွင် ပြည်ပမှတင်သွင်းလာသော ကုန်ကြမ်းပစ္စည်းများကို အခွန်ပေးဆောင်ရန်မလိုဘဲ သိုလှောင်ခြင်း၊ ရွေးချယ်ခြင်း၊ ခွဲခြားခြင်း၊ ထုပ်ပိုးခြင်း၊ လိုအပ်သလို ပြုပြင်ပြောင်းလဲခြင်း၊ ပြန်လည်တင်ပို့ခြင်းများကို ဆောင်ရွက်နိုင်သည်။ ပြည်တွင်းသုံးစွဲမှုအတွက် ထုတ်ယူပါက သတ်မှတ်ထားသောအခွန်အခများ ပေးဆောင်ရမည်။

၁၀။ အထူးအကောက်ခွန်ကုန်လှောင်ရုံတွင် အန္တရာယ်ရှိပြီး အထူးသီးသန့်သိုလှောင်ရန် လိုအပ်သောပစ္စည်းများဖြစ်သည့်စက်သုံးဆီ၊ ဓါတုပစ္စည်းများနှင့် ရေဒီယိုသတ္တိကြွကဲ့သို့သော ကုန်ပစ္စည်းများနှင့်အလားတူ သီးသန့်ထားရှိရန်လိုအပ်သော ကုန်ပစ္စည်းများကို တည်ဆဲဥပဒေများနှင့်အညီ သိုလှောင်နိုင်သည်။ အထူးအကောက်ခွန် ကုန်လှောင်ရုံ လုပ်ငန်းစဉ်များသည် ပုဂ္ဂလိက အကောက်ခွန်ကုန်လှောင်ရုံလုပ်ငန်းစဉ်အတိုင်းသာဖြစ်သည်။

၁၁။ ပြပွဲများအတွက် အကောက်ခွန်ကုန်လှောင်ရုံ သို့မဟုတ် အကောက်ခွန်ကုန်လှောင်ရုံနယ်မြေ လျှောက်ထားခြင်းနှင့် ခွင့်ပြုခြင်းကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ပြပွဲများအတွက် အကောက်ခွန်ကုန်လှောင်ရုံ သို့မဟုတ် အကောက်ခွန်ကုန်လှောင်ရုံနယ်မြေ ဆောင်ရွက်ခွင့်ကို သက်ဆိုင်ရာ ကုမ္ပဏီမှ ပြပွဲကျင်းပခွင့်လိုင်စင်ရရှိပြီးနောက် အကောက်ခွန်ဦးစီးဌာနသို့ လာရောက်လျှောက်ထားရမည်။

(ခ) ညွှန်ကြားရေးမှူးချုပ်က ပြပွဲကျင်းပခွင့်ကာလအတွက်သာ ပြပွဲကျင်းပမည့်နေရာကို ပြပွဲများအတွက် အကောက်ခွန်ကုန်လှောင်ရုံ သို့မဟုတ် အကောက်ခွန်ကုန်လှောင်ရုံနယ်မြေအဖြစ် သတ်မှတ်ပေးနိုင်သည်။

၁၂။ ကုန်လှောင်ရုံအမျိုးအစားအလိုက် ထားသိုမည့် ပစ္စည်းများနှင့်စပ်လျဉ်း၍ သီးခြားအမိန့်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

## အခန်း(၃)

## အကောက်ခွန်ကုန်လှောင်ရုံဖွင့်လှစ်ရန်လိုင်စင်လျှောက်ထားခြင်းနှင့်ခွင့်ပြုခြင်း

၁၃။ ကုန်လှောင်ရုံဖွင့်လှစ်ရန်လျှောက်ထားခြင်းနှင့်ခွင့်ပြုခြင်းကိုအောက်ပါပုံစံများဖြင့်အသုံးပြုရမည်-

(က) အကောက်ခွန်ကုန်လှောင်ရုံဖွင့်လှစ်ရန် လျှောက်ထားလိုပါက **နောက်ဆက်တွဲ (က)** ပါ အကောက်ခွန်ပုံစံ (၁၂၇) ဖြင့် လျှောက်ထားရမည်။

(ခ) သတ်မှတ်ချက်များနှင့်ကိုက်ညီပါက ညွှန်ကြားရေးမှူးချုပ်သည် **နောက်ဆက်တွဲ (ခ)** ပါ အကောက်ခွန်ပုံစံ (၁၂၆) ဖြင့် ကုန်လှောင်ရုံ လိုင်စင်သက်တမ်း သုံးနှစ် သတ်မှတ်၍ ခွင့်ပြုပေးရမည်။

၁၄။ အကောက်ခွန် ကုန်လှောင်ရုံ ဖွင့်လှစ်လိုကြောင်း လျှောက်ထားလိုပါက အောက်ဖော်ပြပါ အထောက်အထားများကို ပူးတွဲဖော်ပြရမည်-

(က) အကောက်ခွန်ကုန်လှောင်ရုံ ဖွင့်လှစ်လိုကြောင်း အဖွဲ့အစည်း သို့မဟုတ် ကုမ္ပဏီ၏ ကိုယ်ပိုင်အမှတ်အသားတံဆိပ်ပါစာ (Letter Head) ဖြင့် အဖွဲ့အစည်း သို့မဟုတ် ကုမ္ပဏီ၏အကြီးအကဲ ကိုယ်တိုင်လက်မှတ်ရေးထိုးတင်ပြသောစာ

(ခ) အဖွဲ့အစည်း သို့မဟုတ် ကုမ္ပဏီမှတ်ပုံတင်လက်မှတ်နှင့် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအရ လိုအပ်သော စာရွက်စာတမ်းအထောက်အထားများ

(ဂ) အစိုးရဌာနဆိုင်ရာဖြစ်ပါက သက်ဆိုင်ရာဌာန၏ထောက်ခံချက်

(ဃ) ပြည်ပကုမ္ပဏီများ၊ ပြည်တွင်းနှင့်ပြည်ပ ဖက်စပ်ကုမ္ပဏီများမှ ကုန်လှောင်ရုံ လျှောက်ထားပါက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့် သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရင်းနှီးမြှုပ်နှံမှု ကော်မတီများ၏ အတည်ပြုမိန့်

(င) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ထောက်ခံချက်

(စ) အကောက်ခွန်ကုန်လှောင်ရုံတွင် ထည့်သွင်းထားရှိလိုသော ပစ္စည်းအမျိုးအမည်များ

(ဆ) အထူးအကောက်ခွန်ကုန်လှောင်ရုံလျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ထည့်သွင်းမည့် ကုန်ပစ္စည်း အမျိုးအစားအလိုက် သက်ဆိုင်ရာဌာနများ၏ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိကြောင်း ထောက်ခံချက်

(ဇ) အကောက်ခွန်ကုန်လှောင်ရုံအဖြစ် လျှောက်ထားသည့် အဆောက်အဦနှင့် သက်ဆိုင်သည့် ပိုင်ဆိုင်မှုအထောက်အထား သို့မဟုတ် ငှားရမ်းစာချုပ်

(ဈ) အကောက်ခွန်ကုန်လှောင်ရုံအဖြစ် လျှောက်ထားသည့် အဆောက်အဦဓါတ်ပုံ မှတ်တမ်းများ

(ည) အကောက်ခွန်ကုန်လှောင်ရုံအဖြစ် လျှောက်ထားသည့် အဆောက်အဦတည်နေရာ၊ အဆောက်အဦအမှတ်၊ လမ်း၊ ရပ်ကွက်၊ မြို့နယ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်

(ဋ) အကောက်ခွန်ကုန်လှောင်ရုံအဖြစ် လျှောက်ထားသည့် အဆောက်အဦအမျိုးအစား၊ အလျား၊ အနံ၊ အမြင့်၊ ဧရိယာ

(ဌ) အဆောက်အဦဆောက်လုပ်ပြီးစီးသည့် ခုနှစ်၊ သက်တမ်း

(ဍ) အကောက်ခွန်ကုန်လှောင်ရုံအဖြစ် လျှောက်ထားသည့်အဆောက်အဦနှင့် စပ်လျဉ်း၍မြန်မာ့အာမခံလုပ်ငန်းတွင်ဖြစ်စေ၊ ပုဂ္ဂလိကအာမခံကုမ္ပဏီတွင်ဖြစ်စေ မီးအာမခံ နှင့် သဘာဝဘေးအန္တရာယ် အပိုအကာအကွယ်များထားရှိပြီးကြောင်း အထောက် အထား

(ဎ) သက်ဆိုင်ရာမြို့နယ်မီးသတ်ဦးစီးဌာန၏ ထောက်ခံချက်

၁၅။ အကောက်ခွန်ကုန်လှောင်ရုံ ဖွင့်လှစ်ခွင့်ပြုရန် အကောက်ခွန်ဦးစီးဌာနမှ ဖွဲ့စည်းထားသော မြေပြင်စစ်ဆေးရေးအဖွဲ့ဖြင့် အောက်ပါအချက်များကို ဆောင်ရွက်ထားခြင်း ရှိမရှိ စိစစ်ရမည်-

(က) အဆောက်အဦခိုင်ခန့်မှုရှိမရှိ၊ လုံခြုံရေးဝန်ထမ်းထားရှိခြင်း ရှိမရှိ၊ CCTV Camera (စောင့်ကြည့်ကင်မရာ) ထားရှိခြင်း ရှိမရှိ၊ မီးဘေးလုံခြုံရေး စီမံထားရှိခြင်း ရှိမရှိ၊ ပင်မ တံခါးပေါက်ခိုင်ခံ့မှုရှိမရှိ

(ခ) လျှပ်စစ်မီးစနစ်တကျ သွယ်တန်းထားခြင်း ရှိမရှိ

(ဂ) ဝင်လမ်း၊ ထွက်လမ်း ကောင်းမကောင်း

(ဃ) လေဝင်၊ လေထွက်ကောင်းမကောင်း

(င) အကောက်ခွန်ကုန်လှောင်ရုံသည် လူနေအိမ်ခြေနှင့် အကွာအဝေးတစ်ခုတွင် သီးခြားထားရှိခြင်း ရှိမရှိ

(စ) အကောက်ခွန် ကုန်လှောင်ရုံ အဆောက်အဦတွင် လူနေထိုင်ခြင်း မပြုရန်နှင့် အကောက်ခွန်ကုန်လှောင်ရုံလုပ်ငန်းတစ်ခုတည်းသာ ဆောင်ရွက်နေခြင်း မှန်မမှန်

(ဆ) ကုန်ပစ္စည်း ထည့်သွင်းသိုလှောင်မှုစနစ် ကောင်းမွန်ခြင်း၊ ကုန်လှောင်ရုံစီမံခန့်ခွဲမှုစနစ် (Warehouse Management System) ရှိမရှိ၊ ကုန်လှောင်ရုံရှိ အကောက်ခွန်ဝန်ထမ်းရုံးခန်းတွင် မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ် (Myanmar Automated Cargo Clearance System- MACCS) ကို အသုံးပြုနိုင်ခြင်း ရှိမရှိ

(ဇ) အရေးပေါ်ဆက်သွယ်ရန်တယ်လီဖုန်းနှင့် တယ်လီဖုန်းနံပါတ်များ ရှိမရှိ

(ဈ) အဆောက်အဦ၏ အတွင်းအပြင်၊ မျက်နှာစာ၊ ဘေး၊ ဘယ်ညာပတ်ဝန်းကျင် သန့်ရှင်းစွာထားရှိခြင်း ရှိမရှိ

(ည) သိုလှောင်မည့်ကုန်ပစ္စည်းအလိုက် လိုအပ်ပါက (Strong Room) နှင့် အအေးခန်း (Cold Store) ထည့်သွင်းတည်ဆောက်ထားခြင်းရှိမရှိ

(ဋ) သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှု ကာကွယ်ရေးအစီအမံများထားရှိခြင်း ရှိမရှိ

(ဌ) အဆိုပြုထားသောအကောက်ခွန်ကုန်လှောင်ရုံ၏တည်နေရာသည် အကောက်ခွန်ရုံးနှင့်အဓိကသယ်ယူပို့ဆောင်ရေးလမ်းကြောင်း၊ စက်မှုဇုန်ဧရိယာ၊ ကုန်းတွင်းဆိပ်ဧရိယာ (Dry Port) ၊ ဆိပ်ကမ်း/ လေဆိပ် ဧရိယာ (Sea/Air Port) ၊ နယ်စပ်ကုန်သွယ်ရေးဇုန် စသည်တို့၏အနီးတွင် တည်ရှိခြင်းရှိမရှိ

## အခန်း(၄)

## အကောက်ခွန်ကုန်လှောင်ရုံလိုင်စင်ပြင်ဆင်ခြင်း၊ ဆိုင်းငံ့ခြင်းနှင့် ပယ်ဖျက်ခြင်း

၁၆။ ညွှန်ကြားရေးမှူးချုပ်သည်ကုန်လှောင်ရုံလိုင်စင်နှင့်စပ်လျဉ်း၍အောက်ပါတို့ကိုဆောင်ရွက်နိုင်သည်-

(က) အကောက်ခွန် ကုန်လှောင်ရုံ လိုင်စင်အမျိုးအစား၊ အကောက်ခွန်ကုန်လှောင်ရုံ၏ အတွင်း ထားရှိမည့်ကုန်ပစ္စည်းအမျိုးအစား သို့မဟုတ် အခြားအချက်အလက်များကို ပြင်ဆင်လိုကြောင်း တင်ပြလာလျှင် ပြန်လည်စိစစ်၍ ပြင်ဆင်ခွင့်ပြုခြင်း

(ခ) ကုမ္ပဏီအမည်ပြင်ဆင်ပြီး မှတ်ပုံတင်လက်မှတ်နှင့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ လိုအပ်သော စာရွက်စာတမ်း အထောက်အထားများနှင့်တကွ ကုမ္ပဏီ သို့မဟုတ် လိုင်စင်ရရှိထားသောပုဂ္ဂိုလ်က အမည်ပြောင်းလဲလိုကြောင်း လျှောက်ထားလျှင် ပြင်ဆင်ခွင့်ပြုခြင်း

(ဂ) လိုင်စင်ရရှိထားသော အကောက်ခွန်ကုန်လှောင်ရုံတည်နေရာ ပြောင်းလဲလိုကြောင်း လျှောက်ထားလာလျှင် မြေပြင်စစ်ဆေးရေးအဖွဲ့မှ ထပ်မံစစ်ဆေး၍ ပြောင်းလဲပြင်ဆင်ခွင့်ပြုခြင်း

၁၇။ ညွှန်ကြားရေးမှူးချုပ်သည် အောက်ပါအခြေအနေများတွင် လိုင်စင်ကိုပယ်ဖျက်နိုင်သည်-

(က) အကောက်ခွန်ကုန်လှောင်ရုံလိုင်စင်ရရှိထားသည့် နေရာကို ကုန်လှောင်ရုံလိုင်စင်ရရှိထားသူမှ ဆက်လက်ပိုင်ဆိုင်မှု မရှိခြင်း

(ခ) အကောက်ခွန်ဦးစီးဌာနသို့ သက်ဆိုင်ရာကုမ္ပဏီမှ လိုင်စင်ဖျက်သိမ်းခွင့် တောင်းခံခြင်း

(ဂ) လိုင်စင်ရရှိထားသူသည် တည်ဆဲဥပဒေများအရ လူမွဲအဖြစ် သတ်မှတ်ကြေညာခံရခြင်း

(ဃ) လိုင်စင်ရရှိထားသူသည် တည်ဆဲအကောက်ခွန်ဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်း

(င) လိုင်စင်ရရှိထားသူသည် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပါ ပြစ်မှုများကို ကျူးလွန်ခြင်း

(စ) အကောက်ခွန်ကုန်လှောင်ရုံ လုပ်ငန်းစဉ်များကို လိုက်နာဆောင်ရွက်နိုင်မှုမရှိခြင်း

(ဆ) လိုင်စင်သက်တမ်းကုန်ဆုံးပြီးရက်ပေါင်း ၆၀ အထိ သက်တမ်းတိုး လျှောက်ထားမှု မရှိခြင်း

၁၈။ လိုင်စင်ပယ်ဖျက်ရန် ဆောင်ရွက်နေချိန်တွင်-

(က) လိုင်စင်ကိုဆိုင်းငံ့ထားမည်။

(ခ) လိုင်စင် ဆိုင်းငံ့ထားစဉ် ကာလအတွင်း ကုန်လှောင်ရုံအတွင်းသို့ ကုန်ပစ္စည်း ထည့်သွင်းခြင်းမပြုရ။

(ဂ) ကုန်လှောင်ရုံအတွင်း ကျန်ရှိသည့် ကုန်ပစ္စည်းများကို သတ်မှတ်ကာလအတွင်း အမြန်ဆုံးထုတ်ယူရန် ပစ္စည်းပိုင်ရှင်များသို့ အကြောင်းကြားရမည်။

## အခန်း(၅)

## အကောက်ခွန်ကုန်လှောင်ရုံလိုင်စင်ကြေး၊ နှစ်စဉ်ကြေးနှင့် အာမခံစပေါ်ငွေပေးသွင်းခြင်း

၁၉။ အကောက်ခွန် ကုန်လှောင်ရုံဖွင့်လှစ်ရန် ခွင့်ပြုချက်ရရှိပြီးပါက လျှောက်ထားသူမှ အကောက်ခွန် ကုန်လှောင်ရုံအမျိုးအစားအလိုက် လိုင်စင်ကြေး၊ နှစ်စဉ်ကြေးနှင့် ကုန်လှောင်ရုံအတွင်းရှိ ကုန်ပစ္စည်းများအတွက် အခွန်ဘဏ္ဍာ နစ်နာဆုံးရှုံးမှုမရှိစေရန် အာမခံစပေါ်ငွေ အဖြစ် စာရင်းသေအပ်ငွေပမာဏကိုဘဏ်အာမခံချက် သို့မဟုတ် ငွေသားဖြင့် အကောက်ခွန်ဦးစီးဌာန၏ ငွေစာရင်းဌာနစိတ်တွင် ညွှန်ကြားရေးမှူးချုပ်က အခါအားလျော်စွာ သတ်မှတ်ထားသည့်အတိုင်း ပေးသွင်းထားရမည်။

## အခန်း(၆)

## အကောက်ခွန်ကုန်လှောင်ရုံလိုင်စင်သက်တမ်းတိုးခြင်း

၂၀။ အကောက်ခွန်ကုန်လှောင်ရုံ လိုင်စင်သက်တမ်းတိုး လျှောက်ထားလိုသူသည် လိုင်စင် သက်တမ်းမပြည့်မီ သုံးလကြိုတင် လျှောက်ထားရမည်။

၂၁။ အကောက်ခွန်ကုန်လှောင်ရုံလိုင်စင်ကို သုံးနှစ်တစ်ကြိမ်သက်တမ်းတိုး လျှောက်ထားရမည် ဖြစ်ပြီး ခွင့်ပြုပါက အကောက်ခွန်ဦးစီးဌာနမှသတ်မှတ်ထားသောလိုင်စင်သက်တမ်းတိုးကြေးအား ပေးသွင်းရမည်။

၂၂။ အကောက်ခွန်ကုန်လှောင်ရုံလိုင်စင်သက်တမ်းတိုးလျှောက်ထားသည့်အခါ မူလခွင့်ပြုထားသည့် အကောက်ခွန်ကုန်လှောင်ရုံအခြေအနေအတိုင်း ရှိမရှိကို အပိုဒ် ၁၄ ပါ ဖော်ပြထားသည့် အချက်များဖြင့် ပြန်လည်စိစစ်ပြီးမှသာ သက်တမ်းတိုးခြင်းကိုခွင့်ပြုရမည်။

၂၃။ အကောက်ခွန်ကုန်လှောင်ရုံလိုင်စင် သက်တမ်းပြည့်ပြီးနောက် ၁ ရက် မှ ၃၀ ရက် အတွင်း သက်တမ်းတိုးလာရောက်လျှောက်ထားပါက ရက်လွန်ဒဏ်ကြေးကျပ် သိန်း ၅၀ နှင့် ရက်ပေါင်း ၃၁ ရက်မှ ၆၀ အတွင်း သက်တမ်းတိုး လာရောက်လျှောက်ထားပါက ရက်လွန်ဒဏ်ကြေး ကျပ်သိန်း ၁၀၀ ကို ပေးဆောင်ရမည်။

၂၄။ သက်တမ်းတိုးလျှောက်ထားရာတွင် သက်ဆိုင်ရာဌာနများ၏ အခွန်အခများကို ပေးသွင်း ပြီးကြောင်း အထောက်အထားများကိုပူးတွဲတင်ပြရမည်။

## အခန်း(၇)

## အကောက်ခွန်ကုန်လှောင်ရုံထည့်သွင်းခြင်း၊ ထုတ်ယူခြင်း၊ ရွှေ့ပြောင်းခြင်း

၂၅။ ကုန်လှောင်ရုံအတွင်း ထည့်သွင်းထားသော ကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍

(က) သွင်းကုန်ကြေညာလွှာ (Into-Bond ID) နှင့်အတူ အကောက်ခွန်အရာရှိ၏ ကြီးကြပ်မှုဖြင့် သိုလှောင်မည့် အကောက်ခွန်ကုန်လှောင်ရုံသို့ ထည့်သွင်းရမည်။ သွင်းကုန်ကြေညာလွှာတွင် ခရီးစဉ်အမှတ် (ရေကြောင်း၊ လေကြောင်း သို့မဟုတ် ကုန်းကြောင်း)၊ ရက်စွဲ၊ ကတိခံဝန်ချုပ်၊ ချုပ်ဆိုသူအမည်၊ ကုန်ပစ္စည်းအထုပ်တိုင်းတွင် ပါရှိသော အမှတ်အသားနံပါတ်များနှင့် ကုန်ပစ္စည်း အမျိုးအမည်၊ အရေအတွက် တို့ကို ဖော်ပြရမည်။

(ခ) ပြည်တွင်းသုံးစွဲမှုအတွက် ထုတ်ယူခြင်းဖြစ်လျှင် သွင်းကုန်လုပ်ထုံးလုပ်နည်းနှင့်အညီ သွင်းကုန်လိုင်စင်လျှောက်ထားရန်လိုအပ်သောပစ္စည်းများအတွက် သွင်းကုန်လိုင်စင်လျှောက်ထားပြီး၊ သွင်းကုန်ကြေညာလွှာ(Ex-bond ID)ဖွင့်လှစ်၍ အခွန်ကောက်ခံခြင်းကို ပုံမှန်တင်သွင်းမှုလုပ်ငန်းစဉ်ဖြင့် ဆောင်ရွက်ရမည်။

(ဂ) ပြည်ပမှ တင်သွင်း၍ အကောက်ခွန်ကုန်လှောင်ရုံအတွင်း ထည့်သွင်းထားပြီး ထုတ်ကုန်ကြေညာလွှာ (Ex-Bond ED) ဖွင့်လှစ်၍ ပြည်ပသို့ ပြန်လည်တင်ပို့ရန် ထုတ်ယူခြင်းဖြစ်လျှင် ပို့ကုန်လိုင်စင်လျှောက်ထားရန်မလိုဘဲ ပုံမှန်တင်ပို့မှုလုပ်ငန်းစဉ်ဖြင့် လည်းကောင်း၊ ပြည်တွင်း၌ ထုတ်လုပ်သော ကုန်ပစ္စည်းများကို ပြည်ပသို့ တင်ပို့ခြင်းမပြုမီ အကောက်ခွန်ကုန်လှောင်ရုံ၌ ထည့်သွင်းထားပြီး ပြည်ပသို့ တင်ပို့ရန် ထုတ်ယူမည်ဆိုပါက ပို့ကုန်လုပ်ထုံးလုပ်နည်းနှင့်အညီ ပို့ကုန်လိုင်စင် လျှောက်ထားရန်လိုအပ်သော ကုန်ပစ္စည်းများကို ပို့ကုန်လိုင်စင် ရယူပြီးမှသာ ထုတ်ကုန်ကြေညာလွှာ (ED) ဖွင့်လှစ်၍ အခွန်ကောက်ခံခြင်းကို ပုံမှန်တင်ပို့မှု လုပ်ငန်းစဉ်ဖြင့်လည်းကောင်း ဆောင်ရွက်ရမည်။

(ဃ) ပြည်ပသို့သွားရောက်မည့် လေယာဉ် သို့မဟုတ် ရေယာဉ်စသည့် ပို့ဆောင်ရေးယာဉ်များအပေါ်တွင် အသုံးပြုရန် အကောက်ခွန်ကုန်လှောင်ရုံအတွင်း သိုလှောင်ထားသည့်စားနပ်ရိက္ခာ၊ အသုံးအဆောင်ပစ္စည်းများနှင့် ယာဉ်အပိုပစ္စည်းများကို ကျသင့်ခွန်များ ပေးဆောင်ရန်မလိုဘဲ အကောက်ခွန်ကုန်လှောင်ရုံအတွင်းမှ ပြန်လည်ထုတ်ယူနိုင်သည်။

(င) အကောက်ခွန်ကုန်လှောင်ရုံ တစ်ခုမှတစ်ခုသို့ ကုန်ပစ္စည်းများရွှေ့ပြောင်းရာတွင် ကုန်ပစ္စည်းသယ်ဆောင်မည့်ယာဉ်အားကုန်သေတ္တာယာဉ် (Container) သို့မဟုတ် ကုန်ပစ္စည်းထည့်သွင်းသယ်ဆောင်မည့်အလုံပိတ်နောက်တွဲ ပါရှိသည့် ယာဉ် (Box Truck)ကိုသာအသုံးပြု၍ အကောက်ခွန်ချိတ်တံဆိပ် (Customs Seal) သို့မဟုတ် အီလက်ထရောနစ်သော့ (E-lock) ခပ်နှိပ်ရမည်။

၂၆။ ပြည်တွင်းမှ ပြည်ပသို့တင်ပို့မည့်ကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ ကုန်ပစ္စည်းပိုင်ရှင်သည် အကောက်ခွန်ကုန်လှောင်ရုံသို့ ထည့်သွင်းခြင်းနှင့် အကောက်ခွန်ကုန်လှောင်ရုံမှ ထုတ်ယူခြင်းတို့ကို အောက်ပါအတိုင်းဆောင်ရွက်ရမည် -

(က) ကုန်လှောင်ရုံသို့ ထည့်သွင်းရာတွင် ကုန်ပစ္စည်းအမျိုးအမည်၊ အရေအတွက် တို့ကို ယာယီမှတ်တမ်းတင်သည့် စာရင်းမှတ်စနစ်ဖြင့် ဆောင်ရွက်၍ အကောက်ခွန်ဦးစီးဌာနသို့ အကြောင်းကြားခြင်း

(ခ) ကုန်လှောင်ရုံမှထုတ်ယူရာတွင်ယာယီမှတ်တမ်းတင်ထားသည့်စာရင်းကို ပယ်ဖျက်ပြီး ထုတ်ကုန်ကြေညာလွှာဖွင့်လှစ်၍ပုံမှန်တင်ပို့မှုလုပ်ငန်းစဉ်အတိုင်း လိုက်နာခြင်း

၂၇။ ကုန်ထုတ်လုပ်သည့်အကောက်ခွန်ကုန်လှောင်ရုံ၌ ပြည်ပမှကုန်ကြမ်းတင်သွင်း၍ ကုန်ချောပြုပြင်ပြောင်းလဲရာတွင်အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ကုန်လှောင်ရုံအတွင်းထည့်သွင်းထားသည့် ကုန်ပစ္စည်းများအားရွေးချယ်ခြင်း၊ခွဲခြားခြင်း၊ထုပ်ပိုးခြင်း၊ ပြန်လည်ထုပ်ပိုးခြင်းအပါအဝင် ပြုပြင်ပြောင်းလဲခြင်းများ ဆောင်ရွက်မည့် ကုန်ပစ္စည်းများအပေါ် မူတည်၍ အလေအလွင့်ပမာဏကို သက်ဆိုင်ရာ အသင်းအဖွဲ့၏ ထောက်ခံချက်ဖြင့် ညွှန်ကြားရေးမှူးချုပ်က စိစစ်သတ်မှတ်နိုင်သည်။

(ခ) ကုန်ချောပစ္စည်းများအားပြည်ပသို့ပြန်လည်တင်ပို့ရာတွင်အကောက်ခွန်ပေးဆောင်ရန်မလိုဘဲ ပြန်လည်တင်ပို့နိုင်သည်။

(ဂ) ကုန်ချောပစ္စည်းများအား ပြည်တွင်းသုံးစွဲရန်အတွက် ထုတ်ယူပါက မူလတင်သွင်းသည့် ကုန်ကြမ်းအတွက် အခွန်အခများ ပေးဆောင်ရမည်။

(ဃ) တင်သွင်းတင်ပို့ခြင်းနှင့်စပ်လျဉ်း၍ အပိုဒ် ၂၅၊ အပိုဒ်ခွဲ (က)၊ (ခ)၊ (ဂ)၊ (င) တို့ပါအတိုင်း ဆောင်ရွက်ရမည်။

## အခန်း (၈)

## အထွေထွေ

၂၈။ အကောက်ခွန် ကုန်လှောင်ရုံအတွင်း ထည့်သွင်းထားသော ကုန်ပစ္စည်းများနှင့် စပ်လျဉ်း၍ ပြည်တွင်း စားသုံးရန် အတွက်လည်းကောင်း၊ ပြည်ပသို့ တင်ပို့ရန်အတွက် လည်းကောင်း၊ ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၉၂ အရ ခွင့်ပြုသည့် ရက်မှစ၍ သုံးနှစ်အတွင်း ထုတ်ယူရမည်။

၂၉။ လိုင်စင်သက်တမ်းကုန်ဆုံးပြီးနောက် သက်မှတ်ကာလ ရက်ပေါင်း ၆၀ ကျော်လွန်၍ သက်တမ်းတိုးလာရောက်လျှောက်ထားခြင်းကို ခွင့်ပြုမည် မဟုတ်ပါ။ အကောက်ခွန်ကုန်လှောင်ရုံ လိုင်စင်သက်တမ်းအတွင်း လိုင်စင်ရုပ်သိမ်းခွင့်လာရောက် လျှောက်ထားပါက အာမခံစပေါ်ငွေကို ပြန်လည်ပေးအမ်းမည်။

၃၀။ အကောက်ခွန်ကုန်လှောင်ရုံလုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ ပင်လယ်ရေကြောင်းအကောက်ခွန် အက်ဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး ယင်းတို့အား ဖောက်ဖျက်ကျူးလွန်ပါက ပင်လယ်ရေကြောင်း အကောက်ခွန် အက်ဥပဒေပုဒ်မ ၁၆၇ ပါ ပြစ်မှုပြစ်ဒဏ် ဇယားများအရလည်းကောင်း၊ တည်ဆဲဥပဒေ များအရလည်းကောင်း အရေးယူခြင်းခံရမည်။

၃၁။ အကောက်ခွန်ကုန်လှောင်ရုံအတွင်းသို့ ကုန်ပစ္စည်းများထည့်သွင်းခြင်း (Into Bond)၊ အကောက်ခွန်ကုန်လှောင်ရုံအတွင်းမှ ကုန်ပစ္စည်းများထုတ်ယူခြင်း (Ex Bond) သို့မဟုတ် ရွှေ့ပြောင်းခြင်း လုပ်ငန်းများကို မြန်မာအလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ် (Myanmar Automated Cargo Clearance System – MACCS) လုပ်ငန်းစဉ်များနှင့် ချိတ်ဆက်၍ ဆောင်ရွက်ရမည်။

၃၂။ အကောက်ခွန်ကုန်လှောင်ရုံ ဖွင့်လှစ်ဆောင်ရွက်ခွင့်ရရှိသူသည် မြန်မာအလိုအလျောက် ကုန်စည်ရှင်းလင်းရေးစနစ် (Myanmar Automated Cargo Clearance System – MACCS) တွင် အကောက်ခွန်ကုန်လှောင်ရုံလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် Bonded Warehouse User အဖြစ် MACCS ဌာနခွဲတွင် မှတ်ပုံတင်ရမည်။

၃၃။ အကောက်ခွန်ကုန်လှောင်ရုံဖွင့်လှစ်မည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ကုန်လှောင်ရုံအတွင်း ကုန်ပစ္စည်းအဝင် ၊ အထွက်များနှင့် စပ်လျဉ်း၍ လည်းကောင်း ၊ လုပ်ထုံးလုပ်နည်းများ

နှင့်စပ်လျဉ်း၍ လည်းကောင်း အကောက်ခွန်ဦးစီးဌာနမှ စာရင်းစစ်ဆေးရေးအဖွဲ့ဖြင့် စစ်ဆေးမည့် အချိန်တွင် ကုန်ပစ္စည်း အဝင်၊ အထွက်စာရင်းဇယားများကို အချိန်နှင့်တပြေးညီ တင်ပြရမည်။

၃၄။ အကောက်ခွန်ကုန်လှောင်ရုံတွင် တာဝန်ကျသည့် အကောက်ခွန်ဝန်ထမ်းများ လုပ်ငန်း ဆောင်ရွက်နိုင်ရန် သင့်တင့်လျောက်ပတ်သော ရုံးခန်းနှင့်နေရာထိုင်ခင်းများ စီစဉ်ပေးခြင်း၊ မြန်မာ အလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ် (Myanmar Automated Cargo Clearance System – MACCS) ကို ချိတ်ဆက်အသုံးပြုနိုင်ရန် ဆက်သွယ်ရေးလိုင်းများ အသင့်ထားရှိခြင်း၊ စနစ်နှင့်ကိုက်ညီသော နည်းပညာသုံးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို အသုံးပြုနိုင်သည့် အခြေအနေအထိ တပ်ဆင်ပေးခြင်းနှင့် ပြုပြင်ထိန်းသိမ်းပေးခြင်း၊ ဆက်သွယ်ရေးလိုင်းများ အတွက် ကနဦးတပ်ဆင်ခြင်း၊ လစဉ်ကြေးနှင့် နှစ်စဉ်ကြေးများ ကျခံပေးခြင်းတို့ကို အကောက်ခွန် ကုန်လှောင်ရုံ ဖွင့်လှစ်သူက ဆောင်ရွက်ပေးရမည်။

၃၅။ ဤအမိန့်ကြော်ငြာစာသည် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစ၍ အကျိုး သက်ရောက်စေရမည်။

စိုးဝင်း

ပြည်ထောင်စုဝန်ကြီး

**************************************************************

စာအမှတ်၊ စဘ / ဘဏ္ဍာ-၂ / ၁/ ၂၉၅ (၃၆၄၇ / ၂၀၁၉)

ရက် စွဲ၊ ၂ ၀ ၁ ၉ ခုနှစ်၊ ဩဂုတ် လ ၂၀ ရက်

<u>ဖြန့်ဝေခြင်း</u>

နိုင်ငံတော်သမ္မတရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး

နေပြည်တော်ကောင်စီ

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရုံးများအားလုံး

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

အကောက်ခွန်ဦးစီးဌာန

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် အဖွဲ့အစည်းများအားလုံး

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနသို့ မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။

ဤဝန်ကြီးရုံး၊ ဌာနခွဲများအားလုံး

အမိန့်အရ

(ထွန်းထွန်းနိုင်)

အမြဲတမ်းအတွင်းဝန်

နောက်ဆက်တွဲ(က)

အကောက်ခွန်ပုံစံ ၁၂၇

သို့

ညွှန်ကြားရေးမှူးချုပ်
အကောက်ခွန်ဦးစီးဌာန
ရန်ကုန်မြို့

ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ (၁၆)အရ ------------------

ကုန်လှောင်ရုံဖွင့်လှစ်နိုင်ရေးအတွက် လိုင်စင်ခွင့်ပြုချက်/
သက်တမ်းတိုးလျှောက်လွှာပုံစံ

၁။ လိုင်စင်ရရှိရန် လိုအပ်ချက်များ

(က) တစ်ဦးချင်း (သို့) ဖက်စပ်ကုမ္ပဏီများအတွက်

(၁) အမည် -

(၂) ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ (Phone, Email, Fax) -

(၃) ကုန်လှောင်ရုံ လုပ်ငန်းအမျိုးအစား -

(ခ) အစုစပ်လုပ်ငန်းအတွက်

(၁) လုပ်ငန်းအမည် -

(၂) ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ (Phone, Email, Fax) -

(၃) ကုန်လှောင်ရုံ လုပ်ငန်းအမျိုးအစား -

(၄) အစုစပ်လုပ်ငန်းအတွင်းရှိလုပ်ငန်းပိုင်ရှင်တစ်ဦးစီ၏ သီးခြား ဖော်ပြချက်များ

(ကက) အမည် -

(ခခ) လိပ်စာအပြည့်အစုံ (Phone, Email, Fax)-

(ဂဂ) ပစ္စည်းအမျိုးအမည် -

၂။ ကုန်လှောင်ရုံဖွင့်လှစ်၍ ထားရှိမည့် ကုန်ပစ္စည်းများ

---------------------------------------------------------------

---------------------------------------------------------------

---------------------------------------------------------------

၃။ လိုင်စင်ပါပစ္စည်းများမှအပ အခြားပစ္စည်းတစ်ခုခု (သို့) ပိုင်ရှင်နှင့် ကိုယ်စားလှယ်တို့မှ ကုန်လှောင်ရုံအတွင်း ထားရှိရန် ရည်ရွယ်၍ တင်သွင်း လာသည့် ပစ္စည်းများ

---------------------------------------------------------------

---------------------------------------------------------------

---------------------------------------------------------------

၄။ တစ်ချိန်ချိန်တွင် ကုန်လှောင်ရုံဖွင့်မည့် ရည်ရွယ်ချက်ဖြင့် သိုလှောင်ထားပြီးသည့် သီးခြားပစ္စည်းများ

(က) အထုပ်အပိုးအရေအတွက်

(ခ) တန်ဖိုး

(ဂ) ကျသင့်သည့် အခွန်အခများ(ခန့်မှန်းတန်ဖိုး)

၅။ လိုင်စင်သက်တမ်းကုန်ဆုံးချိန်တွင် ကုန်လှောင်ရုံတွင် ကျန်ရှိသည့်ပစ္စည်းများ (သက်တမ်းတိုး ကိစ္စရပ်များ အတွက်သာ)

(က) ရက်စွဲ

(ခ) အထုပ်အရေအတွက်

(ဂ) တန်ဖိုး

(ဃ) ကျသင့်သည့် အခွန်အခများ(ခန့်မှန်းတန်ဖိုး)

၆။ အစုစပ်လုပ်ငန်းအတွင်း၌ ပြောင်းလဲမှုတစ်စုံတစ်ရာရှိခဲ့လျှင် ဖြည့်စွက်ရန် (သက်တမ်းတိုးကိစ္စအတွက် လုပ်ငန်းပိုင်ရှင်မှသာ ဖြည့်စွက်ရန်)

------------------------------------------------------------------------

------------------------------------------------------------------------

------------------------------------------------------------------------

------------------------------------------------------------------------

------------------------------------------------------------------------

၇။ ခွင့်ပြုမည့်အဆောက်အဦနှင့်သက်ဆိုင်သည့်အချက်အလက်များ:

(က) အမည်

(ခ) လိပ်စာ အပြည့်အစုံ (Phone, Email, Fax)-

(ဂ) ကုန်လှောင်ရုံ၏အတိုင်းအတာ

(၁) အလျား ---------------

(၂) အနံ ---------------

(၃) အမြင့် ---------------

(ဃ) အကောက်ခွန်ရုံးနှင့်အကွာအဝေး ------------

၈။ လိုင်စင်ရရှိရန်လျှောက်ထားသူ၏ ဘဏ္ဍာရေးအခြေအနေနှင့် စပ်လျဉ်း၍ အာမခံပေးသည့် ဘဏ်လုပ်ငန်းရှင် (သို့မဟုတ်) လူပုဂ္ဂိုလ်

(က) အမည် -

(ခ) အလုပ်အကိုင် -

(ဂ) လိပ်စာအပြည့်အစုံ (Phone, Email, Fax)-

၉။ အကောက်ခွန်ဦးစီးဌာနမှ ချမှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများအား လိုက်နာဆောင်ရွက်မည်ဖြစ်ပါကြောင်း ဝန်ခံကတိပြုအပ်ပါသည်။

၁၀။ ဤကုန်လှောင်ရုံလိုင်စင်လျှောက်ထားသည့် အကောက်ခွန်ပုံစံ ၁၂၇ နှင့်အတူ ပူးတွဲ တင်ပြလျှောက်ထားသော စာရွက်စာတမ်းအထောက်အထားများပါ အချက်အလက်များ အားလုံးမှန်ကန်ကြောင်း ဝန်ခံကတိပြုအပ်ပါသည်။

ဒါရိုက်တာ

-------------- ကုမ္ပဏီ

နေရာ

ရက်စွဲ

နောက်ဆက်တွဲ (ခ)

-----------------------------ကုန်လှောင်ရုံလိုင်စင်

လိုင်စင်အမှတ် (    ) သက (    )

အကောက်ခွန်ပုံစံ ၁၂၆

၁။ ---------------------------------------- အား ပုဂ္ဂလိကပိုင်ကုန်လှောင်ရုံကို ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ (၁၆) အရ ----------------------- ကုန်ပစ္စည်းများ ထားသိုရန်အတွက် ----------------------------- အာမခံကုန်လှောင်ရုံ အဖြစ် လုပ်ငန်းဆောင်ရွက်ရန် ခွင့်ပြုလိုက်သည်။

၂။ ၎င်းကုန်လှောင်ရုံသည် အကောက်ခွန်ဦးစီးဌာနမှ ------------ ကီလိုမီတာ အကွာရှိ အမှတ် ---------- ၊ လမ်း ------------ ၊ ---------------- မြို့နယ်တွင် တည်ရှိရမည် ဖြစ်ပါသည်။

၃။ အဆိုပါ ကုန်လှောင်ရုံတည်ဆောက်ရန် သီးခြားဖော်ပြချက်များနှင့် အတိုင်းအတာ များမှာ အောက်ပါအတိုင်းဖြစ်သည်-

| | |
|---|---|
| အဆောက်အဦအမျိုးအစား | ---------------- |
| အလျား | ---------------- |
| အနံ | ---------------- |
| အမြင့် | ---------------- |

၄။ အာမခံကုန်လှောင်ရုံအဖြစ် လုပ်ငန်းဆောင်ရွက်ခွင့်ကို ------------- အတွက် ခွင့်ပြု ပေးထားခြင်းဖြစ်ပြီး အခြား မည်သူတစ်ဦးတစ်ယောက်ကိုမျှ ငှားရမ်းခြင်း (သို့မဟုတ်) လွှဲပြောင်းခြင်း ပြုလုပ်ခွင့်မရှိပါ။

၅။ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ (၁၆) အရ ကုန်လှောင်ရုံ လုပ်ငန်း ဆောင်ရွက်ရန် ခွင့်ပြုထားသည့် သက်တမ်းမကုန်ဆုံးမီ အကြောင်းတစ်စုံ တစ်ရာကြောင့် ပြန်လည်ရုပ်သိမ်းခြင်း မခံရလျှင် (---------------) ရက်နေ့မှ (-----------) ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်ခွင့် (၃)နှစ် ရရှိမည်ဖြစ်သည်။

မှတ်ချက် ။ လုပ်ငန်းဆောင်ရွက်ခွင့်သက်တမ်း မကုန်ဆုံးမီ သုံးလအလိုတွင် အာမခံကုန်လျှောင်ရုံ ဖွင့်လှစ်ခွင့်လိုင်စင်အား သက်တမ်းတိုးရမည်ဖြစ်သည်။ အကယ်၍ သက်တမ်းတိုးထားခြင်းမရှိပါက လိုင်စင်အား ရုပ်သိမ်းမည်ဖြစ်သည်။

ညွှန်ကြားရေးမှူးချုပ်
အကောက်ခွန်ဦးစီးဌာန

အကောက်ခွန်ဦးစီးဌာန

ရန်ကုန်မြို့

ရက်စွဲ

Annex -A



**CUSTOMS**

**C.R 127**

Form of Application for grant /renewal of licence for ------------------------------
Bonded Warehouse -vide Section 16, Sea Customs Act

1. Particulars of licence:
   (i) For individual or incorporated Company
      (a) Name -
      (b) Address (Phone, Email, Fax) -
      (c) Nature of Business -
   (ii) For a firm
      (a) Name of Firm -
      (b) Address(Phone, Email, Fax) -
      (c) Nature of Business -
      (d) And the following particular in respect of each person having any proprietary interest in the firm
         (aa) Name -
         (bb) Address (Phone,Email,Fax)-
         (cc) Description -

2. Description of goods to be warehoused:

------------------------------------------------------------------------------------------------

------------------------------------------------------------------------------------------------

------------------------------------------------------------------------------------------------

3. Whether any goods other than those belonging to the licence, or for which he is an agent, are intended to be warehoused:

------------------------------------------------------------------------------------------------

------------------------------------------------------------------------------------------------

------------------------------------------------------------------------------------------------

4. Particulars of maximum stock intended to be held in the warehouse at any one time-

(a) Number of packages -

(b) Value -

(c) Duty (at rates in force at time of application) -

5. Particulars of maximum stock actually held at any one time under the expiring licence. (for use in case of renewals only):

(a) Date -

(b) Number of packages -

(c) Value -

(d) Duty (at rates in force at time of application) -

6. Particulars of any change in proprietorship of the firm since date of last renewal (to be filled in only by firm applying for renewal):

------------------------------------------------------------------------

------------------------------------------------------------------------

------------------------------------------------------------------------

7. Particulars of premises to be licensed:

(a) Name -

(b) Address(Phone,Email,Fax) -

(c) Place at which, situated -

(d) Dimension

(i) Length -

(ii) Breadth -

(iii) Height -

(e) Distance from the Customs Office-

**Note-** If more than one godown is to be licensed; separate particulars should be given for each, necessary on a separate sheet.

8. Banker or other person to whom reference may be made regarding financial status of the licence:

(a) Name -

(b) Occupation -

(c) Address(Phone,Email,Fax) -

9. We hereby undertake to comply with Rules and Regulations issued by Customs Department.

10. We declare the above particulars and attached documents with C.R 127 to be true and apply for grant/renewal of licence under Section 16, Sea Customs Act in accordance therewith.

Place:

Date:

Director

xxxx xxxx

To

Director General

Customs Department

Yangon

# BONDED WAREHOUSE LICENCE

## LICENCE NO: ( ) THAKA ( )

**CUSTOMS**

**C.R-126**

1. The under mentioned godown / warehouse / being the property ---------------------------is hereby licensed under Section 16 of the Sea Customs Act. As a -------------- Bonded Warehouse for the storage of ---------------------------------------------without payment of duty on the importation thereof: The godown / warehouse is situated at----- ------------------------------------------------------------------------------------------------ ---------------------------------------------------------------------------------.

2. At a distance of about approximately ----------Km from the Customs Department, Yangon.

3. The dimensions and other particulars of the godown / warehouse are stated below:

Length -

Breadth -

Height -

4. The licence is granted to ------------------------------------------------------------

5. It is not transferable to any person or persons and will remain in force for three years from ( ) to ( ) unless specially revoked before the expiry of that period under Section 16 of the Act above named.

**Note:** - It is required that renewal of licence for the Bonded Warehouse must be made on ( ) three months ahead on licence validity expired. If this requirement is not fulfilled, the licence shall be revoked.

CUSTOMS DEPARTMENT

YANGON

Date:

Director General

Customs Department

Yangon